## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၂၅)
# ယနေ့ကျွန်ုပ်ဘုရားသခင်၏ အသင်းတော်ကိုရှာ၍တွေ့မည်လား

ဘုရားသခင်သည် အမြဲတမ်းလိုလိုပင် သူ၏ထူးခြားသောသတင်းစကားများကိုလိုအပ်လျက်ရှိသောမျိုးဆက်သစ်များအတွက်ပေးပါသည်။ အာဒံနှင့်ဧဝကို အပြစ်သည်ကမ္ဘာကြီးကိုချို့ယွင်းပျက်စီးစေခဲ့ပြီးနောက် လိုလျက်ရှိသောသတင်းစကားကိုပေးခဲ့ပါသည်။ မကြုံစဖူးသောရေလွှမ်းမိုးခြင်းပြီးသည့်နောက်ပိုင်း ထပ်ဆင့်၍လိုလျက်ရှိသောသတင်းများကိုပေးခဲ့ပါသည်။ ထို့နည်းတူ ဣသရေလလူမျိုးတို့ကိုတိုက်ခိုက်ဖျက်ဆီးမည့်အာရှုရိနှင့်ဗာဗုလုန်တိုင်းပြည်များအကြောင်းကို ကြိုတင်သတင်းပေးခဲ့ပါသည်။ သခင်ယေရှုခရစ်ကိုယ်တိုင် သူ၏အချိန်အခါအတွက် သူ၏အထူးသတင်းကို ဣသရေလလူမျိုးတို့အားပြောကြားခဲ့ပါသည်။ Revelation ၁၂ နှင့် ၁၄ တွင် ဘုရားသခင်၏အထူးသတင်းစကားကို အကျဉ်းအားဖြင့်ကျွန်ုပ်တို့အား ယနေ့အတွက်ပေးခဲ့ပါသည်။ ထို့ကြောင့် ဤသင်ခန်းစာနှင့်လာမည့်သင်ခန်းစာ၏သတင်းစကားများတို့ကိုလေ့လာသုံးသပ် မည်ဖြစ်ပါသည်။

## ၁။ ခရစ်တော်တည်ထောင်ခဲ့သောအသင်းတော်

ခရစ်တော်၏သက်တော်စဉ်နှင့်သွန်သင်ချက်တို့သည် ယုံကြည်ခြင်းတွင်လည်းကောင်း၊ နီးကပ်သောမိတ်သဟာယဖွဲ့ခြင်း၌လည်းကောင်း ညီညွတ်ပေါင်းစည်းမှုရှိ၍ တမန်တော်များ၏အမည်ခံအသင်းတော်ဟုအမည်တွင်ကြော်ကြားခဲ့ပါသည်။ တမန်တော်တို့သည် ရင်းနှီးသောပေါင်းဖော်မှုဖြင့် အသင်းတော်တွင်လည်းကောင်း၊ ခရစ်တော်၌လည်းကောင်း အသင်းတော်ကြီးကိုတည်ထောင်ခဲ့ပါသည်။ ထိုကဲ့သို့သောရင်းနှီးခြင်းနှင့်ပေါင်းသင်းဆက်ဆံမှုကို ပေါလုက လင်နှင့်မယားသဖွယ်ပေါင်းစည်းခွင့်ရှိသကဲ့သို့ နှိုင်းယှဉ်ဖော်ပြထားပါသည်။ “အကြောင်းမူကား၊ ငါသည်သင်တို့ကိုအကျင့်ကောင်းနှင့်ပြည့်စုံသောသတို့သမီးကညာကဲ့သို့ ခရစ်တော်အားဆက်ဆံအပ်သောငှါ သင်တို့ကိုလင်တစ်ဦးနှင့်ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏အလိုတော်အတိုင်း စိုးရိမ်သောစိတ်နှင့်သင်တို့ကိုစောင့်ရှောက်လျက်နေ၏” (၂ကော ၁၁း၂)။

ပေါလု၏ဖော်ပြချက်အရ၊ ခရစ်ယာန်အသင်းတော်သည် ဖြူစင်သန့်ရှင်းသောသတို့သမီးကညာကဲ့သို့ ခရစ်တော်နှင့်ပေါင်းဖက်ရန်ဖြစ်ကြောင်း၊ ထိုပုံနမူနာသည် ခရစ်တော်ချစ်သော၊ မြတ်နိုးသောအသင်းတော်ဟူ၍ဖော်ပြခဲ့ပါသည်။ ဓမ္မဟောင်းကျမ်းတွင် အလားတူပုံပမာကိုဆောင်ကာ ဘုရားသခင်ရွေးချယ်ခဲ့သောဣသရေလလူသည် “ထာဝရဘုရားသခင်ကလယ်မလုပ်သောတောအရပ်၌ သင်သည်ငါ့နောက်သို့လိုက်သောအခါ အသက်အရွယ်နုနယ်၍ ခံရသောကျေးဇူးကိုလည်းကောင်း၊ ထိမ်းမြားပေးစားခြင်းနှင့်ယှဉ်သောချစ်ခြင်းမေတ္တာကိုလည်းကောင်း ငါအောက်မေ့၏” (ယေရမိ ၂း၂)။ “အို ဖေါက်ပြန်သောလူငယ်တို့၊ ပြန်လာကြလော့။ ထာဝရဘုရားသခင်မိန့်တော်မူ၏” (ယေရမိ ၃း၁၄)။ Revelation ကျမ်းသည်လည်း အသင်းတော်သည် အမျိုးသမီးကဲ့သို့နှိုင်းယှဉ်ဖော်ပြထားပါသည်။ “ကောင်းကင်၌ကြီးစွာသောနိမိတ်လက္ခဏာ

ဟူမူကား၊ မိန်းမတစ်ဦးသည် နေကိုဝတ်လျက်၊ လကိုခြေဖြင့်နင်းလျက်၊ မိမိခေါင်းပေါ်၌ကြယ်ဆယ့်နှစ်လုံးဖြင့်ပြီးသောသရဖူကိုဆောင်းလျက်ပေါ်လာ၏” (ဗျာ၊ ၁၂း၁)။

***(၁) အမျိုးသမီးသည် “နေကိုဝတ်လျက်” –*** အနက်မှာ အသင်းတော်သည် နေကဲ့သို့တောက်ပလျက်ရှိကြောင်း၊ အကြောင်းမှာ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုဝတ်ဆင်ထားသောကြောင့်ဖြစ်သည်။ ခရစ်တော်သည်လည်း “ဤလောက၏အလင်း” (ယောဟန် ၈း၁၂)။ အသင်းသားတစ်ဦးစီတို့၏အသက်တာတွင်လင်းစေသောကြောင့် အသင်းတော်သည်လည်း ခရစ်တော်၏အရောင်အဝါကြောင့် ထိန်တောက်လျက်ရှိရမည်။ အသင်းသူအသင်းသားတိုင်းသည် “ဤလောက၏အလင်း” (မဿဲ ၅း၁၄) ဖြစ်ရမည်။

***(၂) မိန်းမသည် “လကိုခြေဖြင့်နင်းလျက်”*** – အနက်မှာ– လသည်ဧဝံဂေလိတရား၏ရောင်ပြန်ဟပ်ခြင်းဖြစ်သော ဓမ္မဟောင်းကျမ်းရှိ ဘုရားသခင်၏ဝိနည်းအထုံးအဖွဲ့များဖြစ်သည်။ ထိုလသည် “ခြေဖြင့်နင်းလျက်” အနက်မှာ– ရောင်ပြန်ဟပ်သောဧဝံဂေလိတရားသည်ခရစ်တော်၏လုပ်ငန်းအောက်တွင်ရှိမည်ဖြစ်ကြောင်းဖော်ပြထားသည်။

***(၃) မိန်းမသည် “မိမိခေါင်းပေါ်၌ ကြယ်ဆယ့်နှစ်လုံးဖြင့်ပြည့်သောသရဖူကိုဆောင်းလျက်”*** ဟုဆိုရာ၌ ကြယ်သည် တမန်တော်ဆယ့်နှစ်ပါးကိုပုံဆောင်သည်။ သူတို့၏သက်သေခံချက်များသည် ခရစ်တော်အတွက်နေ့၌လင်းသကဲ့သို့ ဧဝံဂေလိတရားအလင်းကိုလင်းစေသည်။ တောက်ပလင်းထိန်လျက်ရှိသောအမျိုးသမီး (အသင်းတော်) ဆိုလိုခြင်းမှာ ယောဟန်၏ရူပါရုံမြင်ကွင်းတွင် ဓမ္မဟောင်းကျမ်းရှိဣသရေလလူတို့သည် ဓမ္မသစ်ကျမ်းရှိခရစ်ယာန် (လူမျိုးစုံ) သို့ကူးပြောင်း၍ ခရစ်တော်ကိုယ်တိုင်တည်ထောင်သောအသင်းတော်ဖြစ်လာသည်။ နေ၊ လ၊ ကြယ်တို့သည် ခရစ်တော်၏အမှုတော်လုပ်ငန်းကိုပုံဆောင်၍ ဧဝံဂေလိတရားအလင်းပေးနေကြောင်းနှင့်ဝေငှနေကြောင်းကိုပုံဆောင်သည်။

## ၂။ စာတန်နတ်ဆိုးဆုံးရှုံးရခြင်း၏ဇာတ်လမ်း

ဤဇာတ်လမ်းတွင်အမျိုးသမီးတစ်ဦးပါဝင်ပတ်သက်လာသောကြောင့် ဇာတ်ခုံပေါ်သို့တင်ပြရလျှင် “ထိုမိန်းမသည် ကိုယ်ဝန်ဆောင်၍ ဖွားအံ့သောနာကျင်မှုပြင်းသောကြောင့် အော်ဟစ်လေ၏။ ကောင်းကင်၌အခြားသောနိမိတ်လက္ခဏာပေါ်လာသည်ကား အဆင်းနီသောနဂါးသည် ခေါင်းခုနစ်လုံး၊ ချိုဆယ်ချောင်းနှင့်တကွ ခေါင်းပေါ်၌သရဖူခုနစ်လုံးကိုဆောင်းလျက်ရှိ၏။ သူ၏အမြီးသည် ကောင်းကင်ကြယ်သုံးစုတစ်စုကိုဆွဲငင်၍ မြေကြီးသို့ချလိုက်လေ၏။ သားကိုဖွားသောမိန်းမသည် ဖွားသောအခါ နဂါးသည်ထိုသားကိုကိုက်စားမည့်အကြံနှင့် မိန်းမရှေ့၌ရပ်နေ၏။ ထိုမိန်းမသည် လူမျိုးတကာတို့ကိုသံလှံတံနှင့်အုပ်စိုးလတ္တံ့သောသားယောကျ်ားကိုဖွားမြင်၏။ ထိုသားကိုဘုရားသခင်ထံသို့လည်းကောင်း၊ ပလ္လင်တော်သို့လည်းကောင်း ချီယူတော်မူ၏” (ဗျာ၊ ၁၂း၂–၅)။

ဤပြဇာတ်တွင်ပါဝင်သောသရုပ်ဆောင်သုံးဦးတို့မှာ–

(၁) မိန်းမသည် ဘုရားသခင်၏အသင်းတော်ဟုသတ်မှတ်နိုင်းစာထားသည်။

(၂) သားယောကျ်ား၊ မိန်းမမှဖွားသောသားယောကျ်ားကို “ဘုရားသခင်ထံသို့လည်းကောင်း၊ ပလ္လင်တော်သို့လည်းကောင်း ချီယူတော်မူ၏။” တစ်နေ့တွင် “လူမျိုးတကာကို” ခရစ်တော်သည်တစ်ဦးတည်းသောသားဖြစ်၍ ဘုရားသခင်၏ပလ္လင်တော်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောပုဂ္ဂိုလ်ဖြစ်၍ ကမ္ဘာကြီးတစ်ခုလုံးရှိလူသားများကိုအုပ်စိုးမည်ဖြစ်သည်။

(၃) နဂါးကြီး၊ စာတန်နတ်ဆိုးကိုပုံဆောင်သည်။ “ကောင်းကင်၌စစ်ဖြစ်၏။ မိက္ခေလနှင့်သူ၏ကောင်းကင်တမန်တို့သည် နဂါးကိုစစ်တိုက်ကြ၏။ နဂါး၏တမန်တို့သည် စစ်တိုက်၍မနိုင်ကြ။ ကောင်းကင်၌လည်း သူတို့နေစရာမရှိ။ ထိုအခါ ဤလောကတစ်နိုင်ငံလုံးကိုလှည့်ဖြား၍ စာတန်နတ်ဆိုးအမည်ရှိသောရှေးမြွေဟောင်းတည်းဟူသောနဂါးကြီးကိုလည်းကောင်း၊ သူနှင့်အတူ သူ၏တမန်တို့ကိုလည်းကောင်း မြေကြီးသို့ချလိုက်ကြ၏။” (ဗျာ၊ ၁၂း၇–၉)။

ကျွန်ုပ်တို့သည် ပုံပြင်လက္ခဏာဖြင့်ပြသထားသောအရာကိုနားလည်လျှင် ဇာတ်လမ်း၏သရုပ်ဆောင်များကိုတိကျသေချာစွာသိလာတော့မည်။ နတ်ဆိုးနှင့်သူ၏တမန်တို့သည် ကောင်းကင်၌နေရာပျောက်သောကြောင့် ဤလောကသို့ပစ်ချ

ခြင်းခံရသည်။ ခရစ်တော်သည် ဤလောကဌ်ဖွားမြင်သောအခါ နတ်ဆိုးသည်သူ့အားသတ်ဖြတ်ရန်ကြံစည်သည်။ ထိုအခါ ခရစ်တော်ကိုဘုရားသခင်၏ပလ္လင်တော်ရှေ့သို့ဆောင်သွားခြင်းခံရသည်။ စာတန်သည် ခရစ်တော်ကိုမသတ်ရသောကြောင့် သူ၏အသင်းတော်ကိုဖျက်ဆီးရန်ကြံစည်သည်။ တမန်တော်ယောဟန်သည် **Revelation** ကိုရေးခဲ့ပါသည်။ သူ၏မြင်ခြင်းတွင်အကောင်းနှင့်အဆိုးတိုက်လှန်နေကြောင်း နောက်ဆုံးတွင်ခရစ်တော်သည် အပြစ်သားများအတွက် လက်ဝါးကပ်တိုင်ပေါ်၌အသေခံခဲ့ရသည်။ "ကောင်းကင်ဘုံ၌ကြီးသောအသံကား ယခုမှကယ်တင်ခြင်းဖြစ်၏။ တန်ခိုးတော်လည်းဖြစ်၏။ ငါတို့ဘုရားသခင်၏နိုင်ငံတော်နှင့်သူ၏ခရစ်တော်၏အာဏာတော်စက်လည်းဖြစ်၏။ အကြောင်းမူကား ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌နေ့ညမပြတ်အပြစ်တင်သောရန်သူကိုအောက်သို့ချလေပြီ" (ဗျာ၊ ၁၂း၁၀)။ (နှိုင်းယှဉ်ရန်ကျမ်းချက်များ ယောဟန် ၁၂း၃၁။ လုကာ ၁၀း၁၈)။

ခရစ်တော်သည် ပြတ်သားသောအောင်မြင်မှုကိုလက်ဝါးကပ်တိုင်ပေါ်၌ စာတန်နတ်ဆိုးကိုနိုင်ခဲ့ပါသည်။ ထို့နောက် သူသည်ကယ်တင်ခြင်းအစီအစဉ်ကိုတိကျသေချာစွာခိုင်မြဲစေခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် တန်ခိုးတော်ကိုပေးကာ စာတန်နတ်ဆိုး၏ပါးနပ်သောလိမ်လည်ခြင်းကိုခံနိုင်ရန်ခွန်အားပေးပါသည်။ ဘုရားသခင်၏နိုင်ငံတော်သည် လုံခြုံစိတ်ချရပါသည်။ ခရစ်တော်၏အာဏာအားဖြင့် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီးနှင့် ရှင်ဘုရင်တို့ရှိလာနိုင်ကြောင်းသေချာသွားပါသည်။ ယခုကယ်တင်ခြင်းရောက်ရှိပြီ။ သမိုင်း၏မှတ်တမ်းတင်လောက်သောအဖြစ်အပျက်ရောက်ရှိလာပြီ။ ခရစ်တော်မွေးဖွားခြင်း၊ ကမ္ဘာကြီး၏ကယ်တင်ရှင်လူ့ဘဝရောက်ရှိခြင်း (ဗျာ၊ ၁၂း၅)။ စာတန်နတ်ဆိုး၏ပြင်းထန်သောသွေးဆောင်ခြင်းကြောင့် ခရစ်တော်သည်လည်း အပြစ်မဲ့ဘဝဖြင့်နေထိုင်ကာ အသေခံခြင်း၊ ထမြောက်ရှင်ပြန်ခြင်းနှင့် အပြစ်နှင့်သေခြင်းကိုအောင်မြင်ခဲ့ခြင်း (ဗျာ၊ ၁၂း၁၀)။ စာတန်နတ်ဆိုး၏နောက်ဆုံးတိုက်လှန်ပွဲသည်လည်း ရာသက်ပန်ဆုံးရှုံးမှုဖြင့်ဆုတ်ခွါရလေတော့သည်။ (ဗျာ၊ ၁၂း၇–၉)။ ကြေညာစရာတစ်ခုမှာ– ယခုကယ်တင်ခြင်းသည် ရောက်လာပြီ။ ဤအကြောင်းနှင့်ပတ်သက်၍ ယောဟန်သာစိတ်ပါဝင်စားသည်မကဘဲ စကြဝဠာတစ်ခုလုံးဤတိုက်လှန်ပွဲ၏အောင်မြင်ခြင်းကိုသိလိုကြပါသည်။ "ထို့ကြောင့် ကောင်းကင်နှင့်ကောင်းကင်သားတို့ရွှင်လန်းကြလော့။ မြေကြီးနှင့်ပင်လယ်သည်ဘေးဒဏ်ရှိ၏။ အကြောင်းမူကား စာတန်နတ်ဆိုးသည် မိမိကာလတစ်ခဏသာရှိသည်ကိုသိ၍ ပြင်းစွာသောဒေါသအမျက်နှင့်တကွ သင်တို့ရှိရာသို့ဆင်းလေပြီဟုဆိုကြသည်ကို ငါကြား၏။" (ဗျာ၊ ၁၂း၁၂)။

ကောင်းကင်သားအပေါင်းတို့သည် ခရစ်တော်၏အောင်မြင်ခြင်းကိုပွဲခံမှတ်တမ်းတင်ကြ၏။ ခရစ်တော်သည် စာတန်နတ်ဆိုးပိုင်ဆိုင်ခဲ့သောကောင်းကင်နေရာတစ်ချိန်ကရှိခဲ့သော်လည်း စစ်ရှုံးခဲ့သောစာတန်နတ်ဆိုးသည် ကျွန်ုပ်တို့ကမ္ဘာကြီးကိုပင် လက်လွှတ်ရတော့မည်ဖြစ်ကြောင်းသိလာရသည်။

## ၃။ ခရစ်ယာန်အသင်းတော်သည်စာတန်နတ်ဆိုးနှင့်အတိုက်အခံဖြစ်သည်

ခရစ်တော်ကောင်းကင်နိုင်ငံတော်သို့မတက်ကြွမီ သူသည် အသင်းတော်ကိုတည်ထောင်ခဲ့သည် (မိန်းမကိုပုံဆောင်သည်)။ လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံခြင်းဖြင့် စာတန်နတ်ဆိုးကိုချိုးနှိမ်နိုင်သောတန်ခိုးရရှိလေသည်။

"သူတို့သည် သိုးသငယ်၏အသွေးအားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံချက်နှုတ်ထွက်တရားအားဖြင့်လည်းကောင်း အောင်မြင်၍ အသေခံသည်တိုင်အောင် ကိုယ့်အသက်ကိုမနှမြောကြ" (ဗျာ၊ ၁၂း၁၁)။

ယခုခရစ်တော်သည် သူ၏တန်ခိုးကိုပေးနိုင်သည်။ သူသည် စာတန်နတ်ဆိုးကိုအောင်ခဲ့သောကြောင့် သူ၏အသင်းတော်ကိုလည်း စာတန်နတ်ဆိုးကိုအောင်နိုင်ရန် တန်ခိုးခွန်အားပေးနိုင်သည်။ ခရစ်တော်သည် လက်ဝါးကပ်တိုင်အားဖြင့် စစ်ပွဲကြီးကိုပြတ်သားစွာနိုင်သကဲ့သို့ သူ၏အသင်းတော်ကိုလည်း ပြတ်သားသောအောင်မြင်ခြင်းရရှိနိုင်ရန် အသင်းတော်ကိုအသုံးပြုမည်။ လွန်ခဲ့သောခရစ်ယာန်သက္ကရာဇ်ရာစုများတွင် အောင်မြင်ခဲ့သောအသင်းတော်များ၏စွမ်းအင်ခွန်အားများမှာ–

### *(၁) အသင်းတော်သည်စာတန်နတ်ဆိုးကိုမိမိအသွေးတော်အားဖြင့်အောင်ခဲ့သည်*

ခရစ်တော်ကိုဘုရားသခင်ထံသို့လည်းကောင်း၊ ပလ္လင်တော်သို့လည်းကောင်း ချီယူတော်မူသောကြောင့် ခရစ်တော်သည်မိမိအသွေးတော်အားဖြင့် ထိရောက်သောကယ်တင်ခြင်းလုပ်ငန်းများကို မိမိနောက်လိုက်တို့အားပြုလုပ်ပေးနိုင်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်မှတ်တမ်းများကို ဘုရားသခင်ရှေ့တော်၌ဖြောင့်ချက်ပေးမည်။ ကျွန်ုပ်တို့အတွက် သူ၏သွန်းသောအသွေးတော် (၁ယော ၁း၇) ဖြင့်ကယ်တင်ခြင်းတန်ခိုးပေး၍ ကျွန်ုပ်တို့သည်ရှင်သန်သောခရစ်ယာန်အသက်တာဖြင့် တစ်နေ့မှတစ်နေ့သို့ဆက်လက်နေနိုင်မည်။

### *(၂) သူတို့သည် (အသင်းတော်) အသေခံသည်တိုင်အောင်ကိုယ့်အသက်ကိုမနှမြောကြ*

သိုးသငယ်၏အသွေးသည် အသင်းတော်ကိုရဲစွမ်းသတ္တိနှင့်မကဘဲ သေရသည်အထိ ခရစ်တော်အတွက်စွန့်စွန့်စားစားပြုလုပ်နိုင်ခဲ့သည်။ ကလေးများပင်လျှင် အလားတူစွန့်စားမှုများလုပ်ခဲ့ပါသည်။ ပုံပြင်တစ်ခုအရ၊ ခရစ်ယာန်မိခင်တစ်ဦးသည် ရောမအားကစားကွင်းထဲသို့ချကာ ခြင်္သေ့သတ်ဖြတ်ခြင်းကိုခံခဲ့သည်။ သူ၏စွန့်စားခန်းမှာ ခရစ်တော်အတွက်သာ၊ နိုင်ငံတော်အတွက်မဟုတ်ပါ။ သူ၏သမီးငယ်သည်လည်း ဤကြောက်မက်ဖွယ်မြင်ကွင်းကိုမြင်ရသော်လည်း စွန့်စားမှုစိတ်ဓါတ်များပြင်းထန်လာ၍ ကျွန်မသည် ခရစ်ယာန်ပါဟုကြွေးကြော်သောအခါ ရောမအာဏာရှိတို့သည် ထိုသမီးငယ်ကိုခြင်္သေ့ရှိရာသို့ပစ်ချလိုက်လေသည်။

### *(၃) သူတို့သည်သိုးသငယ်၏အသွေးအားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံချက်နှုတ်ထွက်တရားအားဖြင့်လည်းကောင်း အောင်မြင်၏*

နှုတ်ထွက်စကားတော်အားဖြင့်သော်လည်းကောင်း၊ သက်သေခံချက်နှုတ်ထွက်တရားအားဖြင့်သော်လည်းကောင်း အသက်တာ၏သက်သေများ၊ အသက်ရှင်သောသက်သေခံချက်များ၊ ခရစ်တော်၏တန်ခိုးတော်နှင့် သူ၏ဧဝံဂေလိတရားအတွက်သက်သေခံသည်။ ခရစ်ယာန်များတို့သည် ရာစုနှစ်ပေါင်းများစွာညှဉ်းဆဲနှိပ်စက်ခြင်းခံရသော်လည်း အသင်းတော်တည်ထောင်စအချိန်မှစ၍ အသင်းတော်ပြန်လည်ပြုပြင်ပြောင်းလဲခြင်းဆရာကြီးများအချိန်အထိ စာတန်နတ်ဆိုး၏အဆိုးဆုံးသောမကောင်းမှုဟူသမျှကို သူတို့၏ဖြောင့်မတ်သည့်မှန်ကန်သောဧဝံဂေလိတရားတော်ဖြင့် အောင်မြင်ခဲ့သည်။ ဗျာ၊ ၁၂း၁၁ တွင်အောင်မြင်သောအသင်းတော်ကြီး၏အောင်မြင်သူများမှာ တမန်တော်ကြီးများညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ခြင်းခံရသူများ၊ ဘာသာရေးယုံကြည်ချက်တိမ်းစောင်းနေသူများကိုပြုပြင်ပြောင်းလဲသောသူများနှင့် သစ္စာရှိသောခရစ်ယာန်များဖြစ်သည်။ သူတို့၏ကြင်နာသနားခြင်း၊ သစ္စာတရားရှိခြင်း၊ ရဲရင့်သောစိတ်ထားနှင့် အောင်မြင်ခြင်းများသည် ရာစုနှစ်ပေါင်းအဆက်ဆက်တွင်ကြားနာခဲ့ရ၍ ကမ္ဘာကြီးကိုပင်လျှင် ကိုင်လှုပ်သူများဖြစ်လာသည်။ စာတန်နတ်ဆိုးသည် ခရစ်တော်သက်တော်ထင်ရှားစဉ်က မဖျက်ဆီးနိုင်ခဲ့သောကြောင့် ယခုအသင်းတော်၌ရှိသောခရစ်ယာန်များကိုဖျက်ဆီးရန် အစွမ်းကုန်ကြိုးစားနေပါသည်။

"ထိုနဂါးသည် မြေကြီးသို့ကျသည်ကိုသိမြင်လေသော်၊ သားယောကျ်ားကိုဖွားမြင်သောမိန်းမကိုညှဉ်းဆဲ၏။ မိန်းမသည် ထိုမြွေနှင့်လွတ်၍ တစ်ကာလ၊ နှစ်ကာလ၊ ကာလပတ်လုံးကျွေးမွေးခြင်းကိုခံရာအရပ်တည်းဟူသောတောအရပ်သို့ပျံနိုင်မည်အကြောင်း၊ ရွှေလင်းတကြီး၏အတောင်နှစ်ဖက်ကိုရလေ၏။ ထိုအခါ မိန်းမကိုရေအဟုန်ဖြင့်မျောသွားစေခြင်းငှါ၊ နဂါးသည် မိမိခံတွင်းထဲကမြစ်ရေစီးသကဲ့သို့ ရေကိုမိန်းမနောက်၌ထုတ်ပစ်လေ၏။ မြေကြီးသည် မိန်းမကိုမစ၍ မိမိခံတွင်းကိုဖွင့်ပြီးလျှင် နဂါး၏ခံတွင်းထဲကထုတ်ပစ်သောမြစ်ရေကိုမျိုလေ၏" (ဗျာ၊ ၁၂း၁၃–၁၆)။

အနာဂတ်စကားရေးထားသကဲ့သို့ ခရစ်ယာန်တို့ကိုညှဉ်းဆဲသတ်ဖြတ်သောအချိန်တွင် စာတန်နတ်ဆိုးသည် ရေကဲ့သို့သောညှဉ်းပန်းနှိပ်စက်မှုကြီးကိုပြင်းသောရေအရှိန်ကဲ့သို့ အသင်းတော်ပေါ်သို့ကျရောက်စေသည်။ အသင်းတော်ပျက်စီးရန်နည်းလမ်းပေါင်းမျိုးစုံကိုအသုံးပြုကာ ဖျက်ဆီးတိုက်ခိုက်ခဲ့ပါသည်။ စာတန်နတ်ဆိုးသည် ရောမဘုရင်ဟေရဒ်မင်းကိုအသုံးပြုကာ သူငယ်ခရစ်တော်ကိုမွေးလျှင် မွေးချင်းသတ်စေသည်။ ခရစ်တော်သည် ဘုရားသခင်၏ဧဝံဂေလိတရားကိုထမ်းဆောင်နေစဉ် မနာလိုမုန်းတီးသောဘာသာရေးအသိုက်အဝန်းအဖွဲ့အစည်းတို့သည် ချောင်းမြောင်း၍ ခရစ်တော်ဒုက္ခရောက်စေရန်နည်းလမ်းမျိုးစုံဖြင့် ဘာသာရေးခေါင်းဆောင်တို့သည်နှောင့်ယှက်တားဆီးကြသည်။ နောက်ဆုံး

တွင်လက်ဝါးကပ်တိုင်ပေါ်အထိ ကဲ့ရဲ့ပစ်တင်ရှုတ်ချခြင်းကိုခံခဲ့ရသည်။ စာတန်နတ်ဆိုးသည် အောင်ပြီဟုထင်မြင်မိခဲ့သော်လည်း ခရစ်တော်၏အကြီးဆုံးအောင်မြင်ခြင်းကိုသာလက်ခံလိုက်ရသည်။ ထိုအဖြစ်အပျက်ကို ဒေါသအမျက်ထွက်ကာ ခရစ်တော်တည်ထောင်ခဲ့သောအသင်းတော်ပေါ်သို့ သူ၏ဒေါသမီးကိုမွေးခဲ့ပါသည်။ ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်တွင် အသက်စွန့်ပြီးနောက် နှစ်ပေါင်းသုံးလေးဆယ်အတွင်း ထောင်ပေါင်းများစွာသောခရစ်ယာန်တို့သည် ရောမအားကစားကွင်း၊ မြို့လယ်ပန်းခြံများ၊ မြေအောက်အကျဉ်းခန်းများ၊ လူမသိသောသဲကန္တာရများတွင် နည်းမျိုးစုံဖြင့် ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။ ပထမညှဉ်းဆဲနှိပ်စက်ခြင်းကို နိုင်ငံရေးသမားများကပြုလုပ်ခဲ့သည်။ နောက်ပိုင်းတဖြည်းဖြည်းတစ်စတစ်စနှင့် ခရစ်ရာစုဒုတိယ၊ တတိယ၊ စတုတ္ထနှစ်များအချိန်တွင် ခရစ်တော်နှင့်သူ၏တမန်တော်များသွန်သင်ပြသခဲ့သောတရားတော်များကို အမှားမှားအယွင်းယွင်းဖြင့် ပြုပြင်ပြောင်းလဲခဲ့သည်။ အချို့ဘာသာရေးအယောင်ဆောင်ပုဂ္ဂိုလ်များတို့သည် ခမ္မသစ်ကျမ်း၏ယုံကြည်ချက်ကိုလိုက်လျှောက်သောသစ္စာရှိခရစ်ယာန်များကို ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ခဲ့ကြသည်။ ပညာရှင်ဘာသာရေးပုဂ္ဂိုလ်များတို့သည် အကြမ်းဖျင်းလူပေါင်းသန်းငါးဆယ်ခန့်ဆုံးရှုံးသည်ဟုသတ်မှတ်သည်။ အသင်းတော်ကိုတိုက်ခိုက်ဖျက်ဆီးရန် စာတန်နတ်ဆိုးသည် မြစ်ရေတည်းဟူသော ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ခြင်းကိုခံတွင်းမှထုတ်ခဲ့ပါသည်။ သို့ရာတွင် မြေကြီးသည် မိန်းမကိုကယ်တင်ရန် ရေများကို သောက်မျိုခဲ့ပါသည် (မှားယွင်းသောသွန်သင်ခြင်းဩဝါဒများကိုသောက်မျိုသည်)။ ဤခေတ်ဟောင်းညှဉ်းဆဲနှိပ်စက်ခြင်းအချိန်တွင် သစ္စာရှိ၍ ဖြောင့်မတ်သောအသင်းတော်သည် ဖေါက်ပြန်သောခေါင်းဆောင်များတို့မှလွတ်မြောက်စေရန် ဘုရားသခင်ပြင်ဆင်သောသဲကန္တာရအတွင်းရွှေ့ပြောင်းနေထိုင်ခဲ့ပါသည်။ ထိုအသင်းတော်ခံစားရသောအချိန်မှာ နှစ်ပေါင်း (ရက်ပေါင်း) တစ်ထောင်နှစ်ရာခြောက်ဆယ် (ဗျာ၊ ၁၂း၆)။ ထိုပုရောဖက်ပြုစကားမှာ အေဒီ ၅၃၈ မှ ၁၇၉၈ နှစ်ပေါင်း ၁၂၆၀ တိတိ (တစ်ရက်သည်တစ်နှစ်နှင့်ညီမျှသည်။ ယေဇကျေလ ၄း၆)။ ထိုဆိုးရွားသောအချိန်ကာလတွင် သစ္စာရှိ၍ ခရစ်ယာန်ကျမ်းစာကိုယုံကြည်သောခရစ်ယာန်များတို့သည် လုံခြုံမှုရှိရာနေရာသို့ရွှေ့ပြောင်းနေထိုင်ရပါသည်။ အဖြစ်မှာ အီတလီပြည်၏နောက်ပိုင်းတောကြိုတောင်ကြားတွင်လည်းကောင်း၊ ပြင်သစ်ပြည်အရှေ့ပိုင်းတွင်လည်းကောင်း၊ ဗြိတိသျှအနောက်မြောက်ပိုင်းတွင်လည်းကောင်း သွားရောက်နေထိုင်ပုန်းအောင်းကြရသည်။

## ၄။ ကျွန်ုပ်တို့ခေတ်ရှိဘုရားသခင်၏အသင်းတော်

ဤစကားသည် ကျွန်ုပ်တို့၏အချိန်တွင်ပြခြင်းဖြစ်သည်။ ၁၇၉၈ ခုမှစ၍ မှန်သောခရစ်တော်၏အသင်းတော်ဟုဆိုသည်။ မှန်သည်ဟုမျှော်လင့်ရသည်။ နဂါးသည် ဘုရားသခင်၏လူတို့ကိုရန်ငြိုးဖွဲ့လျက်ရှိသည်။ မျက်စိဖြင့်မမြင်ရသော စစ်ပွဲသည် ဆင်နွှဲလျက်ရှိသည်။ အမှန်တကယ်ဆိုရလျှင် စာတန်သည် ဘုရားသခင်၏အသင်းတော်ကိုထိပ်တိုက်ရင်ဆိုင်လျက်ရှိသည်။

"နဂါးသည် မိန်းမကိုအငြိုးထား၏။ ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍ ယေရှု၏သက်သေခံတော်မူချက်ကို စွဲလမ်းသောသူတည်းဟူသော ထိုမိန်းမ၌ကြွင်းသောအမျိုးအနွယ်ကိုစစ်တိုက်ခြင်းငှါသွား၏" (ဗျာ၊ ၁၂း၁၇)။

ထိုကျမ်းချက်သည် ကျွန်ုပ်တို့၏အချိန်၌ဖြစ်ပျက်မည့်စာတန်နတ်ဆိုး၏လုပ်ငန်းရပ်များကို မီးမောင်းထိုးပြထားသည်။ စာတန်နတ်ဆိုးသည် အမျက်ထွက်လျက် ကြွင်းသေးသောမိန်းမ၏ကလေးများ (ယနေ့ရှိဘုရားသခင်၏လူများ) နှင့်စစ်တိုက်ခြင်းငှါပြု၏။ သူ၏လုပ်ရပ်အမှတ်အသားများကိုသတိပြုပါ။

(၁) ဤနောက်ဆုံးသောယုံကြည်သူတို့သည် ခရစ်တော်၏သက်သေခံချက်ကိုစောင့်ရှောက်သည်။ မှန်ကန်ဖြောင့်မတ်သော ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုသစ္စာရှိစွာဖြင့်ကျင့်စောင့်သည်။

(၂) ဤနောက်ဆုံးသောခရစ်ယာန်များတို့သည် ပုရောဖက်သက်သေခံချက်များကိုလိုက်လျှောက်သည်။ ယောဟန်သည် ခရစ်တော်၏သက်သေခံတော်မူချက်ကို **Revelation** တွင် (ဗျာ၊ ၁း၁–၃) တွင်ဖေါ်ပြထားသည်။ နောက်ဆုံးသော ယုံကြည်သူများတို့သည် ထူးချွန်သောဆုကျေးဇူးများကိုရ၍ ဘုရားသခင်ထံတော်မှတိုက်ရိုက်ရရှိမည်။ ပုရောဖက်၏

ဆုကျေးဇူးများတို့ကို ဘုရားသခင်ထံတော်မှရရှိ၍ သူတို့၏လုပ်ငန်း၊ သူတို့၏နောက်ဆုံးအခြေအနေကိုကြည့်ရှုသုံးသပ်ကြလိမ့်မည်။

(၃) နောက်ဆုံးအချိန်တွင်ဖြစ်မည့်ခရစ်ယာန်များတို့သည် သူတို့၏ထူးချွန်သောအမှတ်အသားမှာ ဘုရားသခင်၏ပညတ်တော်ကိုကျင့်စောင့်နားထောင်သောသူများဖြစ်သည်။ သူတို့သည် ပညတ်တော် (၁၀) ပါး၏မှန်ကန်ကြောင်းနှင့် ဖြောင့်မတ်ကြောင်းကိုကာကွယ်ရုံမျှမကဘဲ စောင့်ရှောက်သူများဖြစ်သည် (ရောမ ၅း၅။ ၁၃း၈–၁၀)။

ဤနောက်ဆုံးသောခရစ်ယာန်များတို့သည် ခရစ်တော်၏လမ်းစဉ်နှင့်ပုံစံကို ကနဦးအသင်းတော်လိုက်လျှောက်နားထောင်၍ ပညတ်တော်ကိုစောင့်သောသူများဖြစ်သကဲ့သို့ဖြစ်မည်။ ဤအချက်သည် နဂါးကိုအမျက်ထွက်စေ၍ မိန်းမ၏သားသမီးများနှင့်စစ်ပွဲဆင်၍ တိုက်ခိုက်လိမ့်မည်။

"ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့။ ငါသည် ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် အမှန်တရားကိုပြသောဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဝိညာဉ်တော်ဆရာကို သင်တို့နှင့်အတူအစဉ်မပြတ်တည်နေစေခြင်းငှါ သင်တို့အားပေးတော်မူမည်" (ယောဟန် ၁၄း၁၅၊ ၁၆)။

ဤနောက်ဆုံးသောခေတ်ရှိခရစ်ယာန်တို့သည် ဘုရားသခင်ကိုချစ်နိုင်ကြောင်း ကိုယ့်ကိုယ်ကိုချစ်သကဲ့သို့ ကိုယ်နှင့်ဆိုင်သောသူများကိုချစ်ရမည်။ ခရစ်တော်၏ရှင်းပြချက်အရ၊ ဘုရားသခင်ကိုချစ်ခြင်းနှင့် တစ်ပါးလူသူများကိုချစ်ခြင်းသည်ဘုရားသခင်၏ပညတ်တော် (၁၀) ပါးကိုစောင့်ရှောက်ခြင်းဖြစ်သတည်း။ (မဿဲ ၂၂း၃၄–၄၀)။

ဘုရားသခင်၏ပညတ်တော် (၁၀) ပါးတွင်လေးပါးတစ်ပါးသည် စနေနေ့ (သတ္တမနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ရှောက်ရန်မှာကြားသည်)။ ခရစ်တော်ကိုချစ်ခြင်းဖြင့် ပညတ်တော်များကိုစောင့်ရသောကြောင့် ပညတ်လေးပါးတစ်ပါးသည်လည်း ပညတ်တော်ဆယ်ပါးတွင်ပါဝင်ခဲ့သောကြောင့် နောက်ဆုံးခေတ်ရှိခရစ်ယာန်များသည် ဥပုသ်နေ့စောင့်သူများဖြစ်ရမည်။

ဥပုသ်နေ့သည် ဘုရားသခင်၏နိဂုံးချုပ်ဖော်ပြခြင်းဖြစ်သည်။ (ဗျာ၊ ၁၂ နှင့် ၁၄း၆–၁၅)။ ဘုရားသခင်၏ကောင်းကင်ရှိခွန်အားအစွမ်းတန်ခိုးအပေါင်းတို့သည် နောက်ဆုံးခေတ်ရှိခရစ်ယာန်များအတွက် ဤကျမ်းချက်များတွင်ဖော်ပြထားသည်။ အသက်ရှင်သောခရစ်တော်သည် သူတို့နှင့်ထာဝရမိတ်ဆွေဖြစ်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သူတို့နှင့်အတူအစွမ်းသတ္တိနှင့်ခွန်အားတန်ခိုးပေးမည်။ ကတိတော်များသည်လည်း ဧကန်အမှန်ဖြစ်မည်။ သူတို့သည်စာတန်နတ်ဆိုးကို ခရစ်တော်၏အသွေးများဖြင့် နှုတ်ထွက်စကားတော်၏သက်သေခံတော်မူချက်နှင့် အောင်မြင်လိမ့်မည်။ (ဗျာ၊ ၁၂း၁၁)။

သင်သည် ဤနောက်ဆုံးသောခရစ်ယာန်များနှင့်အတူ ဘုရားသခင်၏ပညတ်တော်ကိုနားထောင်စောင့်ရှောက်လိုပါသလား။ ခရစ်တော်၏သက်သေခံချက်ကိုလည်း ကိုင်ဆောင်လိုပါသလား။ ဆုံးဖြတ်ချက်ကိုယခုပင်ပြုလုပ်ပါ။

–၀–

## ရှာဖွေတွေ့ရှိခြင်း (၂၅) အဖြေလွှာ
## ယနေ့ကျွန်ုပ်ဘုရားသခင်၏အသင်းတော်ကိုရှာ၍တွေ့မည်လား

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။ (အဖြေမှန်တစ်ခုထက်မကရှိမည်)။

၁။ **Revelation** ၁၂ တွင်မိန်းမသည် နေကိုဝတ်ဆင်ထားခြင်းသည် ဘာကိုပုံဆောင်သနည်း။

------ ခရစ်ယာန်အသင်းတော်။

------ ယုဒတို့၏နိုင်ငံကြွသရေလ။

၂။ မိန်းမမွေးသောကလေးမှာ၊

------ ခရစ်တော်ဖြစ်သည်။

------ နတ်ဆိုးဖြစ်သည်။

နဂါးသည်ထိုမိန်းမ၏ကလေးကိုဖျက်ဆီးရန်ကြိုးစားသည်။ ၎င်းကြိုးစားသူသည်၊

------ နတ်ဆိုးဖြစ်သည်။

------ ဘာသာရေးခေါင်းဆောင်များ။

ခရစ်တော်သည် တစ်နေ့တွင်စာတန်နတ်ဆိုးကိုဖျက်ဆီးရန် အောက်ပါအတိုင်းကြံစည်သည်။

------ ခရစ်တော်မွေးဖွားသောအခါ။

------ လက်ဝါးကပ်တိုင်ပေါ်တွင်အသက်စွန့်ခဲ့သောအခါ။

၃။ ခရစ်ယာန်အသင်းတော်သည် စာတန်နတ်ဆိုးကိုအောက်ပါအချက်များဖြင့်အောင်မြင်နိုင်သည်။

------ ခရစ်တော်၏အသွေးတော်ကြောင့်။

------ မိမိ၏အသက်တာဖြင့်သက်သေခံသောကြောင့်။

၄။ မှန်သောဘုရားသခင်၏အသင်းတော်၊ နောက်ဆုံးသောခေတ်၏ကမ္ဘာသမိုင်းတွင်၊

------ ကြည်လင်ပြတ်သားသောခရစ်ယာန်အသက်တာနေထိုင်ခြင်းဖြင့် ခရစ်တော်အတွက်သက်သေခံခြင်း။

------ ပုရောဖက်၏ဆုကျေးဇူးများကိုရရှိသောသူများဖြစ်သည်။

------ ဘုရားသခင်၏ပညတ်တော်ကိုပြောင်းလဲ၍ တနင်္ဂနွေနေ့ကိုစောင့်သောသူများဖြစ်သည်။

------ ခရစ်တော်ကိုချစ်၍ ဘုရားသခင်၏ပညတ်တော်အားလုံးကိုစောင့်ရှောက်ရုံမျှမက အထူးသဖြင့် ဥပုသ်နေ့ကို သတ္တမနေ့ရက်တွင်စောင့်ရှောက်သောသူများဖြစ်သည်။

-၀-

ထင်ရှားသေသပ်စွာရေးပါ

အမည်--------------------------------

လမ်းနှင့်အိမ်အမှတ်-----------------------

မြို့-----------------------------------

နယ်-----------------------------------

ကိုးကွယ်သည့်ဘာသာ---------------------